# ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်

## အနှစ်ချုပ်

## (အလွတ်သဘော ဘာသာပြန်ဆိုချက်)

၁။ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) သဘောတူစာချုပ်သည် အာဆီယံနှင့် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်လျက်ရှိသည့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန် နိုင်ငံတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို တိုးချဲ့မြှင့်တင်ဆောင်ရွက်ရန် ချုပ်ဆိုသော သဘောတူ စာချုပ် ဖြစ်ပါသည်။ RCEP တွင် ပါဝင်သည့် နိုင်ငံ (၁၅) နိုင်ငံသည် ကမ္ဘာ့ထုတ်လုပ်မှု တန်ဖိုး၏ ၃၀% နှင့် ကမ္ဘာ့လူဦးရေ၏ ၃၀% ကို ကိုယ်စားပြုပါသည်။ RCEP သဘောတူစာချုပ်ကို ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ချဲ့ထွင်ရာတွင် လွယ်ကူချောမွေ့စေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ခေတ်မီ၍ ပြီးပြည့်စုံမှုရှိပြီး အရည်အသွေး မြင့်မားသော အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ဖြစ်ရန် ရည်ရွယ်ပါသည်။ RCEP သဘောတူစာချုပ်သည် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ဈေးကွက် ရရှိမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ရရှိနိုင်မှုကို ဖော်ဆောင်ပေးမည် ဖြစ်ပါသည်။ RCEP သဘောတူစာချုပ်သည် ပွင့်လင်း၍ အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံ နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို အတူယှဉ်တွဲ၍ ထောက်ခံသွားမည် ဖြစ်ပါသည်။

**RCEP သဘောတူစာချုပ်၏ အဓိကဝိသေသများ**

၄။ **ခေတ်မီခြင်း။** RCEP သဘောတူစာချုပ်ကို ယနေ့ခေတ်အခြေအနေများအတွက်သာမက နောင်တွင် ဖြစ်ပေါ်လာနိုင်မည့် ပြောင်းလဲမှုများနှင့် ကုန်သွယ်ရေးအခြေအနေများကိုပါ ထည့်သွင်း စဉ်းစား၍ ရေးဆွဲထားပါသည်။ အာဆီယံ၏ လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် အာဆီယံ အပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှု (၅) ခု၏ ဆောင်ရွက်မှုများကို လွှမ်းခြုံထားသည့်အပြင် ပြောင်းလဲတိုးတက်လာနိုင်သည့် ကဏ္ဍများဖြစ်သည့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၊ ဒေသတွင်း တန်ဖိုးမြင့်ကွင်းဆက်ချဲ့ထွင်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားထားပါသည်။ RCEP သဘောတူစာချုပ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူစာချုပ်ပါ နယ်ပယ်များ၏ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ ထပ်မံမွမ်းမံပြင်ဆင်ရန် သဘောတူထားပါသည်။

၅။ **ဘက်စုံကဏ္ဍစုံပါဝင်ခြင်း။** RCEP သဘောတူစာချုပ်သည် ကတိကဝတ်များ လွှမ်းခြုံမှုနှင့် လေးနက်မှု နှစ်ခုစလုံးဖြင့် ပြည့်စုံပါသည်။ RCEP သဘောတူစာချုပ်ကို အခန်း (၂၀) ဖြင့် ဖွဲ့စည်းထားပြီး ယခင် အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များတွင် မပါဝင်သည့် နယ်ပယ်အများအပြားကိုလည်း ထည့်သွင်းထားပါသည်။ ပင်ရင်းဒေသ စည်းမျဉ်း၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေး၊ ပိုးမွှားကင်းစင်ရေးဆိုင်ရာ အစီအမံများ၊ စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးသည့် လုပ်ငန်းစဉ်များ၊ ကုန်သွယ်ရေးကုစားမှုများ အပါအဝင် ကုန်စည်ကုန်သွယ်ရေးဆိုင်ရာ သီးခြားပြဋ္ဌာန်းချက်များကို ထည့်သွင်းထားပါသည်။ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှု အပါအဝင် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ ယှဉ်ပြိုင်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ အစိုးရ ဝယ်ယူရေးနှင့် ဥပဒေနှင့်အဖွဲ့အစည်းများ၊ အငြင်းပွားမှုဖြေရှင်းခြင်းစသည့် နယ်ပယ်များလည်း ပါဝင်ပါသည်။ ဈေးကွက်ဖွင့်လှစ်ပေးမှုအနေဖြင့် ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးတို့၏ ဖြေလျှော့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုတွင်လည်း ကဏ္ဍများ ပိုမိုလွှမ်းခြုံပေးခြင်းများ ဆောင်ရွက်ထားပါသည်။

၆။ **အရည်အသွေးမြင့်မားခြင်း။** RCEP သဘောတူစာချုပ်တွင် ပါဝင်သော ပြဋ္ဌာန်းချက်များ သည် လက်ရှိအကောင်အထည်ဖော်နေသည့် အာဆီယံအပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များကို ကျော်လွန်၍ တစ်နိုင်ငံချင်းစီနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှု ခြားနားမှုများ၊ စီးပွားရေးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားပါသည်။ RCEP သဘောတူ စာချုပ်သည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း ထောက်ပံ့မှုကွင်းဆက် (Supply chain) ၌ အဖွဲ့ဝင် နိုင်ငံများ ပါဝင်မှုကို ထောက်ပံ့ပေးရုံသာမက စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများကို ဈေးကွက်ဖွင့်လှစ်ပေးမှု ကတိကဝတ်များနှင့် လိုက်လျော ညီထွေဖြစ်ရန် ထောက်ပံ့ပေးပါသည်။ တစ်ချိန်တည်းမှာပင် ပြည်သူ့ရေးရာမူဝါဒ ရည်မှန်းချက်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းရန်လည်း ထောက်ပံ့ပေးထားပါသည်။ အဆိုပါ သဘောတူစာချုပ်သည် စဉ်ဆက်မပြတ်ထုတ်လုပ်မှုများ၊ တာဝန်ယူမှုနှင့် အပြုသဘောဆောင်မှု များဖြင့် ယှဉ်ပြိုင်နိုင်မှုကို ပေါ်ထွန်းစေမည် ဖြစ်ပါသည်။ RCEP သဘောတူစာချုပ်သည်

အဖွဲ့ဝင်နိုင်ငံများအကြား ထောက်ပံ့မှုကွင်းဆက် (Supply chain) တိုးချဲ့ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် စည်းမျဉ်း ဥပဒေများကို ပေါင်းစည်းထားသည့် အရည်အသွေး မြင့်မားသော single rulebook တစ်ခုလည်း ဖြစ်ပါသည်။

၇။ **အပြန်အလှန်အကျိုးရှိခြင်း။** RCEP သဘောတူစာချုပ်သည် ဖွံ့ဖြိုးမှုအဆင့်မတူညီသော နိုင်ငံများ ပေါင်းစည်းပါဝင်သော သဘောတူစာချုပ်ဖြစ်၍ အဖွဲ့ဝင်နိုင်ငံများ၏ အပြန်အလှန် အကျိုးရှိမှုကို အသိအမှတ်ပြုထားပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သော ဖြေလျှော့ပေးမှုများနှင့် အထူးနှင့်ခြားနားအခွင့်အရေးများကို အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံအတွက် သင့်လျော်သည့် ဖြေလျှော့မှုပုံစံများပေးခြင်းတို့အပြင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများသို့ ထပ်ဆောင်းဖြေလျှော့မှုပေးခြင်းတို့လည်း ဆောင်ရွက်ထားပါသည်။ RCEP သဘောတူစာချုပ်တွင် ပါဝင်သော ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် အကျိုး ကျေးဇူးများ အထိရောက်ဆုံး ရရှိစေရန်အတွက် လိုအပ်သည့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု များနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များကိုလည်း ပံ့ပိုးပေးရန် ထည့်သွင်းထားပါသည်။ RCEP သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များကို ဖွံ့ဖြိုးမှုအဆင့်အမျိုးမျိုးမှ အရွယ်အစား အမျိုးမျိုး ရှိသည့် စီးပွားရေးလုပ်ငန်းများ၊ နယ်ပယ်စုံမှ ပါဝင်ဆောင်ရွက်သူများ အားလုံးအကျိုးရှိစေရန် ရေးဆွဲထားပါသည်။

**RCEP သဘောတူစာချုပ်၏ အနှစ်ချုပ်**

၈။ RCEP သဘောတူစာချုပ်တွင် အောက်ပါ အခန်း (၂၀) နှင့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှု၊ ပင်ရင်းဒေသ စည်းမျဉ်း၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်ရေးကုစားမှုများ၊ အသိဉာဏ်ပစ္စည်း၊ ယှဉ်ပြိုင်မှု၊ အစိုးရဝယ်ယူရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်များစသည့် အခန်းများနှင့် ဆက်စပ်နေသည့် နောက်ဆက်တွဲများ ပါဝင်ပါသည် –

**အခန်း (၁) ကနဦးပြဋ္ဌာန်းချက်များနှင့် အထွေထွေအဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ကနဦးပြဋ္ဌာန်းချက်များနှင့် အထွေထွေအဓိပ္ပာယ်ဖွင့်ဆိုချက်များ အခန်းတွင် ဒေသတွင်း ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၏ ရည်ရွယ်ချက်များကို ထည့်သွင်း ဖော်ပြထားပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများအတွက် လိုအပ်သော ဖွံ့ဖြိုး တိုးတက်မှုနှင့် စီးပွားရေးလိုအပ်ချက်အဆင့်ကို ထည့်သွင်းစဉ်းစားလျက် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အပြင် ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အကူဖြစ်စေသော၊ ခေတ်မီပြီးပြည့်စုံသော၊ အရည်အသွေးမြင့်မားပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်နိုင်ရန် ရည်ရွယ်ပါသည်။ ဤအခန်းတွင် အထွေထွေအဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ပါဝင်ပါသည်။

**အခန်း (၂) ကုန်စည်ကုန်သွယ်ရေး**

ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဖြေလျှော့ပေးရေးကို မြင့်မားသောအဆင့်သို့ရောက်ရှိစေရန် ကုန်စည်ကုန်သွယ်ရေးနှင့် ဆက်စပ်သော ကတိကဝတ်များကို အကောင်အထည်ဖော်မည့် အဓိကအစီအစဉ်များပါဝင်ပါသည်။ ယင်းတို့တွင် အခြားအဖွဲ့ဝင်နိုင်ငံများအားနိုင်ငံသားကဲ့သို့ အခွင့်အရေးပေးခြင်း၊ အကောက်ခွန်ဖြေလျှော့ခြင်း သို့မဟုတ် ဖယ်ရှားပေးခြင်း၊ ကုန်စည်များ ယာယီအခွန်လွတ် ဝင်ရောက်ခွင့်နှင့် လယ်ယာထွက် ပို့ကုန်အတွက် ထောက်ပံ့ပေးခြင်းကို ဖယ်ရှားခြင်းအပါအဝင် ပို့ကုန်ယှဉ်ပြိုင်မှုဆိုင်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများ၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခြင်းတို့ ပါဝင်ပါသည်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ အကောက်ခွန် ခွဲခြားကောက်ခံမှုများ ပြုလုပ်ခဲ့ပါက သင့်လျော်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ဆောင်မှုကို ဆောင်ရွက်နိုင်သည့် စည်းမျဉ်းများကိုလည်း ဖော်ပြထားပါသည်။ ထို့ပြင် ဤအခန်းတွင် အကောက်ခွန်ဆိုင်ရာ ဖြေလျှော့မှုများကို အထောက်အကူဖြစ်စေမည့် အကောက်ခွန်မဟုတ်သောအစီအမံများ ပါဝင်ပါသည်။ ၎င်းတို့မှာ အရေအတွက်ကန့်သတ်ချက်ဆိုင်ရာ အထွေထွေဖယ်ရှားခြင်း၊ အကောက်ခွန်မဟုတ်သော အစီအမံများ ချမှတ်ခြင်းအပေါ် ပိုမိုပွင့်လင်းမြင်သာမှုရှိခြင်း၊ သွင်းကုန်လိုင်စင် လုပ်ထုံးလုပ်နည်းများကို စီမံခန့်ခွဲခြင်း၊ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့နှင့် သက်ဆိုင်သည့် အခကြေးငွေများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်းတို့ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ဤအခန်းတွင် အကောက်ခွန်မဟုတ်သော အစီအမံများကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုအပေါ် သက်ရောက်မှုများကို နည်းပညာအရ စေ့စပ်ညှိနှိုင်းခြင်းများပြုလုပ်နိုင်ရန်နှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် နယ်ပယ်အလိုက် အထူးပြု ဆောင်ရွက်မည့်အနာဂတ်အစီအစဉ်များ ဆောင်ရွက်ရန်လည်း ဖော်ပြထားပါသည်။

**အခန်း (၃) ပင်ရင်းနိုင်ငံစည်းမျဉ်း**

ဤပင်ရင်းနိုင်ငံစည်းမျဉ်းအခန်းသည် RCEP သဘောတူညီချက်အရ မည်သည့် ကုန်စည်သည် ပင်ရင်းဖြစ်ကြောင်း ဆုံးဖြတ်မည်ဖြစ်ပြီး အကောက်ခွန်သက်သာခွင့် ထုတ်ပေးမည်ဖြစ်ပါသည်။ ဤအခန်းတွင် အပိုင်း (၂) ပိုင်း ပါဝင်ပါသည်။ အပိုင်း (က) ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့်အပိုင်း (ခ) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(Operational Certification Procedures – OCP) တို့ဖြစ်ပါသည်။ ပင်ရင်းကုန်စည်များနှင့် ရာနှုန်းပြည့် ပြည်တွင်းထွက်ကုန် သို့မဟုတ် ထုတ်ကုန်ဆိုင်ရာ အပိုဒ်များနှင့် သီးသန့်ကုန်စည် စည်းမျဉ်းများ (Product-Specific Rules – PSR) ၏ နောက်ဆက်တွဲတွင် ဖော်ပြထားသော အကြောင်းအရာများသည် ပင်ရင်းကုန်စည်များဖြစ်ကြောင်း ဆုံးဖြတ်ရာတွင် လိုအပ်သော အချက်များ ဖြစ်ပါသည်။ ဤအခန်းတွင် ပင်ရင်းမဟုတ်သော ကုန်စည်များကို အသုံးပြုထားသော ကုန်စည်ကို ပင်ရင်းကုန်စည်အဖြစ် သတ်မှတ်ရန်လုံလောက်သော ပြုပြင်မှုများမရှိသည့် ကုန်စည်များကို စာရင်းပြုစုထားပါသည်။ RCEP အဖွဲ့ဝင်နိုင်ငံများ၏ သဘာဝပထဝီဝင် အနေအထားများအရ အဖွဲ့ဝင်နိုင်ငံများသည် ပင်ရင်းကုန်စည်များ ပင်ရင်းအခြေအနေများကို မဆုံးရှုံးစေရန်အတွက် တိုက်ရိုက်ပို့ကုန်စည်းမျဉ်းများကို ဤအခန်းတွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ ကုန်စည်သည် PSR ရှိ Change in Tariff Classification (CTC) Rule မပြောင်းလဲပါက ကုန်စည်အား ပင်ရင်းအခြေအနေရရှိအောင် ဘောင်မဝင် ကုန်ကြမ်းပါဝင်ထုတ်လုပ်မှု စည်းမျဉ်းများကို တိကျ သေချာစွာ ဤအခန်းတွင် ဖော်ပြထားသည်။ အပိုင်း (က) တွင် အကျုံးဝင်သော အခြား ကုန်စည်များမှာ ကုန်စည်များ သယ်ယူပို့ဆောင်ခြင်းနှင့် သင်္ဘောတင်ရန်အတွက် ကုန်စည်များ ထုပ်ပိုးခြင်း၊ ထုတ်ပေးသည့် ပစ္စည်းများနှင့် ကွန်တိန်နာများ၏ အစီအမံများနှင့် ထုပ်ပိုးခြင်းနှင့် ထုပ်ပိုးရာတွင် အသုံးပြုသည့် အပိုပစ္စည်းကိရိယာများ တို့ဖြစ်ပါသည်။ အပိုင်း (ခ) ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် RCEP ပင်ရင်း သက်သေခံ လျှောက်ထားရန် အကောက်ခွန် သက်သာခွင့်အတွက် တောင်းဆိုခြင်းနှင့် ကုန်စည်များ အား ပင်ရင်းကုန်စည်ဖြစ်ကြောင်း ထောက်ခံခြင်းများ ပြုလုပ်ရန်အတွက် လုပ်ငန်းစဉ် အသေးစိတ် ကို ဖော်ပြထားသည်။ RCEP အဖွဲ့ဝင်နိုင်ငံတိုင်းအတွက် သဘောတူစာချုပ် စတင်အာဏာ သက်ဝင်သည့်နေ့မှစ၍ အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် များနှင့် ဆက်စပ်သည့် အတည်ပြုပို့ကုန် တင်ပို့သူများနှင့် ပင်ရင်းဖြစ်ကြောင်း ကြေညာခြင်းကို ကုန်တင်ပို့သူများနှင့် ကုန်ထုတ်လုပ်သူများမှ ပင်ရင်းဖြစ်ကြောင်း ကြေညာခြင်းအပိုဒ်တွင် ဖော်ပြ ထားရမည်။ ဤပင်ရင်းနိုင်ငံ စည်းမျဉ်းအခန်းတွင် နောက်ဆက်တွဲ (၂) ခု ပါဝင်သည်။ (၁) အကောက်ခွန် စည်းဝါးညှိစနစ် Harmonised System (HS) 6-digit level ရှိသော ကုန်စည်လိုင်း အားလုံးအတွက် အကျုံးဝင်သော PSR၊ (၂) ပင်ရင်းထောက်ခံချက် သို့မဟုတ် ပင်ရင်းကြေညာချက် အတွက် လိုအပ်သော သတင်းအချက်အလက်များကို ဖော်ပြထားသော အနည်းဆုံး သတင်း အချက်အလက် လိုအပ်ချက်များတို့ ဖြစ်ပါသည်။

## အခန်း (၄) အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး

အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍသည် အကောက်ခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများအား ကျင့်သုံးဆောင်ရွက်ရာတွင် ကြိုတင်မှန်းဆနိုင်မှု၊ တပြေးညီဖြစ်မှု၊ ပွင့်လင်းမြင်သာမှုများရှိစေရန်နှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများအတွက် ထိရောက်သော စီမံခန့်ခွဲမှုများနှင့် ကုန်ပစ္စည်းများ လျင်မြန်စွာ ရှင်းလင်းထုတ်ယူနိုင်ရေး မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ အမြန်ချောပို့ကုန်စည်များနှင့် ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်များနှင့် ပတ်သက်၍ ကုန်ပစ္စည်းရောက်ရှိသည့်အချိန်နှင့် လိုအပ်သော စာရွက်စာတမ်းများ တင်သွင်းသည့်အချိန်မှစ၍ ၆ နာရီအတွင်း အဆိုပါကုန်စည်များအား ရှင်းလင်းထုတ်ယူနိုင်မည် ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မတူညီသော အဆင့်အသီးသီးတွင် ရှိသော်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ပါ ကိစ္စရပ်များထက် ကျော်လွန်သည့် အချို့ကိစ္စရပ်များလည်း ဤအခန်းတွင် ပါဝင်ပါသည်။ ဤအခန်း၏ ရည်ရွယ်ချက်မှာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူမှု ရှိစေခြင်းနှင့် အကောက်ခွန်လုပ်ထုံး လုပ်နည်းများသည် နိုင်ငံတကာ စံနှုန်းများနှင့်အညီ စည်းဝါးညီ ဖြစ်စေခြင်းတို့ကို ရည်ရွယ်ပါသည်။ ဤအခန်းသည် အကောက်ခွန်အမျိုးအစား ကြိုတင်သတ်မှတ်ခြင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်း ကြိုတင်သတ်မှတ်ခြင်းနှင့် အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်း ကဲ့သို့သော ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပြဋ္ဌာန်းချက်များနှင့် ယင်းကြိုတင်သတ်မှတ်ချက်များ ထုတ်ပေးခြင်းတို့အတွက် သတ်မှတ်ချိန်ကာလ၊ အကောက်ခွန် ကုန်စည်ရှင်းလင်းရေး ဆောင်ရွက်ရန်အတွက် အချိန်ကာလ (လိုအပ်သော သတင်းအချက်အလက်များ တင်ပြပြီး ကုန်ပစ္စည်းရောက်ရှိသည့် အချိန်မှစ၍ ၄၈ နာရီအတွင်း) စသည်တို့အပေါ် အထောက်အပံ့များ ဖြစ်စေပါသည်။ ထို့ပြင် သက်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက် များနှင့် ကိုက်ညီသည့် လုပ်ငန်း လုပ်ဆောင်သူများ (အခွင့်အရ ဆောင်ရွက်သူများ) အတွက် တင်သွင်း/တင်ပို့ခြင်း သို့မဟုတ် ဖြတ်သန်းသယ်ဆောင်ခြင်း လုပ်ငန်းစဉ်များ၊ လုပ်ထုံး လုပ်နည်းများနှင့် စပ်လျဉ်းသည့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အစီအစဉ်များ ထပ်မံထောက်ပံ့ပေးခြင်း၊ အကောက်ခွန် ထိန်းချုပ်ခြင်းနှင့် နှောင်းစာရင်း စစ်ဆေးခြင်းတို့အတွက် ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှုနည်းလမ်းအား မြှင့်တင်ဆောင်ရွက်ခြင်းတို့ကို အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါသည်။ အချို့သော ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများ၏ အဆင်သင့်ဖြစ်မှု အနေအထားမှာ မတူညီသောအခြေအနေ အသီးသီးတွင် ရှိနေသည်ကို အသိအမှတ်ပြုလျက် အထူးသဖြင့် WTO ၏ ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (TFA) ပါ

ကတိကဝတ်များကို ကျော်လွန်၍ အဖွဲ့ဝင်နိုင်ငံများအား အဆင့်အလိုက် အကောင်အထည် ဖော်နိုင်ရန် ခွင့်ပြုထားပါသည်။ ကတိကဝတ်များအား အကောင်အထည်ဖော်မည့် အခြေအနေ အသေးစိတ်ကို ဤအခန်း၏ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

**အခန်း(၅) လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားရောဂါကင်းစင်စေရေး အစီအမံများ**

လူ၊ တိရစ္ဆာန်နှင့် အပင်များ အသက်ရှင်ရပ်တည်ရေးနှင့် ကျန်းမာရေးကို ကာကွယ်ရန်နှင့် ကုန်သွယ်မှုပြုရာတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ အစီအမံများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆန့်ကျင်ဖက်အကျိုးသက်ရောက်မှုများ (Negative Effects) ကို လျော့နည်းစေပြီး ကုန်သွယ်မှု လွယ်ကူချောမွေ့လာစေရန်တို့ကို ရည်ရွယ်၍ ယင်းအစီအမံများ ဖွံ့ဖြိုးတိုးတက်လာပြီး လက်ခံကျင့်သုံးနိုင်ရန်နှင့် လက်တွေ့အသုံးချရန် အခြေခံ မူဘောင်ကို ဤအခန်းတွင် ရေးဆွဲထားပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင် ကျန်းမာရေး အစီအမံများဆိုင်ရာ သဘောတူစာချုပ်အရ ဆောင်ရွက်ရာတွင် ၎င်းတို့၏ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို အခိုင်အမာအတည်ပြုလျက် ပိုးမွှား ကင်းရှင်းသောဧရိယာများ၊ ပိုးမွှားရောဂါအန္တရာယ် စိစစ်ခြင်း၊ စာရင်းစစ်ဆေးခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ တင်သွင်းမှုဆိုင်ရာ စစ်ဆေးခြင်းများနှင့် အရေးပေါ် အစီအမံများအပါအဝင် တန်းတူညီမျှမှုရှိရေး၊ ဒေသတွင်းအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရေးတို့နှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့် ထောက်ခံချက်များကို ပါဝင်ထည့်သွင်းကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ယင်းအစီအမံဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုကို အားကောင်းစေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ဤအခန်း၏ ရည်ရွယ်ချက်တွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင် ကျန်းမာရေး အစီအမံများ ဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းရာတွင် နည်းပညာဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းများ၏ အရေးပါမှု များကို အလေးပေးထည့်သွင်းထားပါသည်။ လက်ရှိစာချုပ်ပါ စာသားများအရ အငြင်းပွားမှု ဖြေရှင်းခြင်းအခန်းသည် ဤအခန်းအတွက် အကျုံးဝင်ခြင်းမရှိသည့်အပြင် ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အာဏာသက်ဝင်ပြီးနောက် ၂ နှစ်အကြာတွင် ပြန်လည်သုံးသပ်မှု ပြုလုပ်ရာတွင်လည်း အငြင်းပွားမှုဖြေရှင်းခြင်းအခန်းကို ဤအခန်းအတွက် ကျင့်သုံးခြင်းမပြုပါ။

**အခန်း (၆) စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေး ကိုက်ညီမှု စစ်ဆေးသည့် လုပ်ငန်းစဉ်များ**

ဤအခန်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူစာချုပ် (WTO Agreement) ပါ ကုန်သွယ်ရေးတွင် နည်းပညာအတားအဆီးများဆိုင်ရာ သဘောတူညီချက် (Technical Barriers to Trade – TBT Agreement) ၏ အကောင်အထည်ဖော်မှုကို တိုးမြှင့်ရုံသာမက အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးသည့် လုပ်ငန်းစဉ်များအပေါ် အပြန်အလှန် နားလည်သဘောပေါက်မှုကို လက်ခံ အသိအမှတ်ပြုပြီး၊ ဤအခန်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် အားကောင်းလာစေရန် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါသည်။

အဆိုပါ ရည်မှန်းချက်များကို အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များမှတစ်ဆင့် ဖြစ်မြောက် အောင်မြင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ကုန်သွယ်ရေးအတွက် မလိုလားအပ်သော နည်းပညာဆိုင်ရာ အတားအဆီးများကို လျှော့ချရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့် အကြံပြုထောက်ခံချက်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း အသိအမှတ်ပြုခြင်း၊

(ခ) စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေး ကိုက်ညီမှု စစ်ဆေးသည့် လုပ်ငန်းစဉ်များသည် TBT သဘောတူညီချက်ပါ သက်ဆိုင်သော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေခြင်း၊

(ဂ) အရည်အသွေးကိုက်ညီမှု စစ်ဆေးသည့် လုပ်ငန်းစဉ်များမှ ရလဒ်အပေါ် အပြန်အလှန် သဘောတူလက်ခံမှု၏ အရေးပါမှုကို အသိအမှတ်ပြုခြင်း၊

(ဃ) ပွင့်လင်းမြင်သာမှု လုပ်ငန်းအစီအစဉ်ကို အားကောင်းလာစေခြင်းနှင့်

(င) အလားအလာရှိသော အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် သို့မဟုတ် နိုင်ငံအများ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုခြင်း စသည်တို့ဖြစ်ပါသည်။

လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားရောဂါကင်းစင်စေရေးအခန်းနှင့် အလားတူစွာ STRACAP အခန်းသည်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ရန် ပုဂ္ဂိုလ် သတ်မှတ်ခြင်း၊ ဤအခန်းကို အကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်ကိစ္စရပ်များကို ဖြေရှင်းပေးနိုင်မည့် နည်းပညာဆိုင်ရာ

ဆွေးနွေးညှိနှိုင်းခြင်းများ လိုအပ်မှုကို ပေါ်လွင်စေပါသည်။ လက်ရှိစာချုပ်ပါ စာသားများအရ အငြင်းပွားမှု ဖြေရှင်းခြင်းအခန်းသည် ဤအခန်းအတွက် အကျုံးဝင်ခြင်း မရှိသည့်အပြင် ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အာဏာသက်ဝင်ပြီးနောက် ၂ နှစ် အကြာတွင် ပြန်လည်သုံးသပ်မှု ပြုလုပ်ရာတွင်လည်း အငြင်းပွားမှုဖြေရှင်းခြင်းအခန်းကို ဤအခန်းအတွက် ကျင့်သုံးခြင်းမပြုပါ။

**အခန်း(၇) ကုန်သွယ်ရေးကုစားမှုများ**

ကုန်သွယ်ရေးကုစားမှုများအခန်းတွင် (က) RCEP အကာအကွယ်ပေးမှု အစီအမံများနှင့် (ခ) လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် ထောက်ပံ့မှုရယူတင်ပို့ရောင်းချခြင်းဆိုင်ရာ အကောက်ခွန် များဟူ၍ အပိုင်း (၂) ပိုင်း ပါဝင်ပါသည်။ အကာအကွယ်ပေးမှုအစီအမံများအပိုင်းသည် RCEP သဘောတူစာချုပ်အရ အဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်း လုပ်ငန်းများ၏ ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုများကို အဖွဲ့ဝင်နိုင်ငံများမှ ဖြေရှင်းဆောင်ရွက်နိုင်သည့် အသွင်ကူးပြောင်းချိန် လုပ်ထုံးလုပ်နည်း တစ်ရပ်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေးခြင်း အခွင့်အရေးနှင့် သက်ဆိုင်သည်များကို စောနိုင်သမျှစောစွာ ပြည့်ပြည့်စုံစုံ အကြောင်းကြားခြင်းနှင့် မှန်ကန်သော စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ခြင်းအပါအဝင် တိကျစွာ သတ်မှတ်ထားသော အခြေအနေနှင့် လိုအပ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။ ထို့ပြင် အကာအကွယ်ပေးမှု အစီအမံများအပိုင်းသည် ကမ္ဘာ့အကာအကွယ် ပေးမှု အစီအမံများနှင့် စပ်လျဉ်း၍ WTO ၏ Agreement on Safeguards အရ ပေးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးနှင့် တာဝန်များကိုလည်း ထပ်လောင်း အတည်ပြုထားပါသည်။ လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် ထောက်ပံ့မှုရယူတင်ပို့ ရောင်းချခြင်းဆိုင်ရာ အကောက်ခွန် များအပိုင်းသည် WTO ၏ သက်ဆိုင်ရာ သဘောတူညီချက် များအရ ပေးထားသည့် အဖွဲ့ဝင်နိုင်ငံ၏ အခွင့်အရေးနှင့် တာဝန်များကို အခြေခံ၍ ထပ်လောင်း အတည်ပြုထားခြင်း ဖြစ်ပါသည်။ ဤအခန်းတွင် အချို့သော အဖွဲ့ဝင်နိုင်ငံများမှ ကျင့်သုံးလျက်ရှိပြီး ကုန်သွယ်ရေးကုစားမှု လုပ်ငန်းစဉ် များ ပွင့်လင်းမြင်သာမှုရှိရေးနှင့် ဆက်လက်ဆောင်ရွက်ရေး ရည်မှန်းချက်များကို တိုးတက်စေ နိုင်သော လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် ထောက်ပံ့မှုရယူတင်ပို့ ရောင်းချခြင်းဆိုင်ရာ အကောက်ခွန်များနှင့်ဆိုင်သည့် နောက်ဆက်တွဲ တစ်ခုလည်းပါဝင်ပါသည်။ လျှော့ဈေးဖြင့် စုပုံတင်ပို့ ရောင်းချခြင်းနှင့် ထောက်ပံ့မှုရယူ တင်ပို့ရောင်းချခြင်းဆိုင်ရာ အကောက်ခွန်များအပိုင်းအရ ဖြစ်ပေါ် လာသည့် ကိစ္စရပ်တိုင်းအတွက် မည်သည့်အဖွဲ့ဝင်နိုင်ငံမှ RCEP သဘောတူစာချုပ်ပါ အငြင်းပွားမှု

ဖြေရှင်းခြင်း (Dispute Settlement) ကို လက်ကိုင်ကျင့်သုံးခွင့်မရှိဘဲ ဤအခန်းအတွက် အငြင်းပွားမှုဖြေရှင်းခြင်းကို RCEP သဘောတူစာချုပ်၏ အထွေထွေပြန်လည်သုံးသပ်မှု ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။

**အခန်း(၈) ဝန်ဆောင်မှုကုန်သွယ်ရေး**

ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ အခန်းသည် ဝန်ဆောင်မှုကုန်သွယ်ရေးအပေါ် သက်ရောက်မှုရှိသည့် ကန့်သတ်ချက်များနှင့် ခွဲခြားဆက်ဆံမှုများကို ထပ်မံဖယ်ရှားပေးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ပိုမိုကောင်းမွန်သော ကုန်သွယ်မှုအတွက် နည်းလမ်းများဖွင့်ပေးရန် ရည်ရွယ်ပါသည်။ ဤအခန်းတွင် ဈေးကွက်ဝင်ရောက်ခွင့်ပြုခြင်း၊ နိုင်ငံသားကဲ့သို့ တန်းတူအခွင့်အရေးပေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ တန်းတူအခွင့်အရေးပေးခြင်း၊ နိုင်ငံအတွင်းလာရောက် (ရုံးဖွင့်) ရန်လိုအပ်ချက် စသည်တို့နှင့် စပ်လျဉ်းသည့် ဥပဒေများ အပါအဝင် ခေတ်နှင့် လိုက်လျောညီထွေဖြစ်ခြင်းနှင့် ပြည့်စုံသော ပြဋ္ဌာန်းချက်များပါဝင်ခြင်း၊ ယင်းတို့သည် အဖွဲ့ဝင်နိုင်ငံများ၏ အသေးစိတ် ကတိကဝတ်ပြုဇယား သို့မဟုတ် ခွင့်မပြုနိုင်သော စာရင်းများနှင့် ကိုက်ညီမှုမရှိသော စီမံဆောင်ရွက်မှုများ အပါအဝင် ထပ်ဆောင်း ကတိကဝတ်များလည်း ပါဝင်ပါသည်။ ဤအခန်းအရ အဖွဲ့ဝင်နိုင်ငံအားလုံးသည် ၎င်းတို့၏ ဝန်ဆောင်မှုဆိုင်ရာ ကတိကဝတ်ပြုဇယားများကို တားမြစ်ကန့်သတ်မှုစာရင်းနည်းလမ်း၊ (negative list approach) ဖြင့် RCEP သဘောတူစာချုပ် အာဏာသက်ဝင်သည့်နေ့ သို့မဟုတ် သဘောတူစာချုပ် အာဏာသက်ဝင်ပြီးနောက် သတ်မှတ်ထားသည့်နေ့မှစတင်၍ ကျင့်သုံး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ RCEP သဘောတူစာချုပ်အရ ကျင့်သုံးမည့် ဝန်ဆောင်မှုဆိုင်ရာ ကတိကဝတ်ဆိုင်ရာ negative list approach နည်းလမ်းသည် အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီမှ ကျင့်သုံးနေသော စီမံဆောင်ရွက်မှုများနှင့် စည်းမျဉ်းဆိုင်ရာ သတင်းအချက်အလက်များ ရရှိခြင်းဖြင့် အခြားသောအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ဆောင်မှုပေးသူ/ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအတွက် ပိုမိုသေချာမှုရှိစေမည်ဖြစ်ပါသည်။ ဤအခန်းတွင် လက်ရှိအကောင်အထည်ဖော်နေသည့် အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များရှိ စည်းမျဉ်းစည်းကမ်းများ ထက်ကျော်လွန်၍ ဝန်ဆောင်မှု ကုန်သွယ်ရေးကို သက်ရောက်မှုရှိစေသည့် ပြည်တွင်း စည်းမျဉ်းစည်းကမ်းများအနေဖြင့် သင့်တင့်လျောက်ပတ်မှုရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် ဘက်လိုက်မှု မရှိစေခြင်းတို့ဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။

## နောက်ဆက်တွဲပါ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ

ဝန်ဆောင်မှု ကုန်သွယ်ရေးအခန်း၏ ငွေရေးကြေးရေး ဝန်ဆောင်မှုများဆိုင်ရာ နောက်ဆက်တွဲသည် ဒေသတွင်း ငွေကြေးဝန်ဆောင်မှုများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို တိုးမြှင့်စေသည်။ တစ်ချိန်တည်းမှာပင် ငွေကြေးဝန်ဆောင်မှုဆိုင်ရာ စည်းမျဉ်းချမှတ်သူများအား ငွေကြေးစနစ် ပေါင်းစည်းခြင်းနှင့် ငွေကြေးစနစ် တည်ငြိမ်ရေးထိန်းသိမ်းရန်အလို့ငှာ ခိုင်မာ တောင့်တင်းသော မရှိမဖြစ်ကျင့်သုံးရမည့် ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ကျင့်သုံးနိုင်ရန် ခွင့်ပြုထားပါသည်။ ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်သည့် တာဝန်ဝတ္တရားများအပြင် ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှု ရှိစေရေး၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအသစ်များ ဆောင်ရွက်ခြင်းအား ခွင့်ပြုနိုင်ရေး၊ အဖွဲ့ဝင်နိုင်ငံများသို့ တွန်းအားပေးရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် သာမန်စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည့် သတင်းအချက်အလက်များ ရယူခြင်းကို အဖွဲ့ဝင်နိုင်ငံများအကြား ကတိကဝတ်ဖြင့် ဆောင်ရွက်သွားရန် စသည့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ တိကျသေချာသော တာဝန်ဝတ္တရားများကိုပါ ဆောင်ရွက်သွားရန် ဖြစ်သည်။ ဤနောက်ဆက်တွဲအနေဖြင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် သို့မဟုတ် ယင်းကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ရန် အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှု လမ်းကြောင်းတစ်ခုကို ဖွင့်လှစ်ပေးခြင်းပင် ဖြစ်ပါသည်။

## နောက်ဆက်တွဲပါ ဆက်သွယ်ရေးဝန်ဆောင်မှုများ

ဝန်ဆောင်မှု ကုန်သွယ်ရေးအခန်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုများဆိုင်ရာ နောက်ဆက်တွဲသည် အများပြည်သူဆက်သွယ်ရေး ဝန်ဆောင်မှုများအတွက် ကုန်သွယ်မှုနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်း မူဘောင်တစ်ရပ်ကို ဖန်တီးထားခြင်း ဖြစ်ပါသည်။ RCEP သဘောတူစာချုပ်တွင် အာဆီယံနှင့် မိတ်ဖက်နိုင်ငံ တစ်ခုချင်းအကြား လက်ရှိချုပ်ဆိုထားသည့် အာဆီယံအပေါင်းတစ် လွပ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များ၏ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ ဆိုင်ရာ နောက်ဆက်တွဲ တစ်ရပ်စီတွင် ပါဝင်သည့် တာဝန်ဝတ္တရားတို့အပြင် အခြားထပ်ဆောင်း သည့် တာဝန်ဝတ္တရားများ ပါဝင်ပါသည်။ ယင်း ထပ်ဆောင်းတာဝန်ဝတ္တရားများမှာ အောက်ပါတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများဖြစ်ပါသည်-

(၁) စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းနည်း၊

(၂) အပြည်ပြည်ဆိုင်ရာ ရေအောက် ကေဘယ်စနစ်များ၊

(၃) ကွန်ရက်ဆိုင်ရာ အစိတ်အပိုင်းများအား ဖြည်ရှုပေးခြင်း၊

(၄) တိုင်များ၊ ပြွန်များနှင့် ပြွန်ကြီးများအား ရယူအသုံးပြုခွင့်၊

(၅) အပြည်ပြည်ဆိုင်ရာ Mobile Roaming ဝန်ဆောင်မှုနှင့်

(၆) နည်းပညာရွေးချယ်မှုတွင် ပျော့ပျောင်းမှုရှိခြင်း အစရှိသည်တို့ ပါဝင်ပါသည်။

ဤထပ်ဆောင်း တာဝန်ဝတ္တရားများသည် အဖွဲ့ဝင်နိုင်ငံများအကြား အိုင်စီတီ အခြေခံ အဆောက်အအုံ၏ ပင်မကျောရိုးကို ပိုမိုခိုင်မာစေရန်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးကို တွန်းအားပေးရန် ရည်ရွယ်ပါသည်။

**နောက်ဆက်တွဲပါ ကျွမ်းကျင်ပညာရှင်ဆိုင်ရာဝန်ဆောင်မှုများ**

ဝန်ဆောင်မှု ကုန်သွယ်ရေးအခန်း၏ ကျွမ်းကျင်ပညာရှင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲသည် အဖွဲ့ဝင်နိုင်ငံများ အားလုံးအနေဖြင့် ဒေသတွင်း ကျွမ်းကျင်ပညာရှင်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန် အထောက်အကူပြုပါသည်။ ယင်းတွင် ကျွမ်းကျင် ပညာရှင်အရည်အသွေး အပြန်အလှန် အသိအမှတ်ပြုခြင်းနှင့် ကျွမ်းကျင်ပညာရှင် အရည်အသွေးအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဆွေးနွေးညှိနှိုင်းခြင်းကို အထောက်အပံ့ပြုပေးခြင်း၊ အပြန်အလှန် အကျိုးကျေးဇူးများရရှိစေမည့် ဝန်ဆောင်မှုလုပ်ငန်း ကျွမ်းကျင်ပညာရှင်ဆိုင်ရာ လိုင်စင်ထုတ်ပေးခြင်းကိစ္စရပ်များ သို့မဟုတ် မှတ်ပုံတင်ခြင်း ကိစ္စရပ်များအတွက် အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံထက်ပိုသော အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ တိုးတက်လာမှု အလားအလာရှိစေခြင်းတို့ ပါဝင်ပါသည်။ ၎င်း နောက်ဆက်တွဲသည် ပညာ အရည်အချင်း၊ လေ့လာဆန်းစစ်မှု၊ အတွေ့အကြုံ၊ အပြုအမူနှင့် စာရိတ္တ၊ ကျွမ်းကျင်မှုဆိုင်ရာ တိုးတက်မှုနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ လေ့ကျင့်မှုနယ်ပယ်၊ ပြည်တွင်းနှင့် သက်ဆိုင်သော ဗဟုသုတနှင့် စားသုံးသူကာကွယ်ပေးခြင်း စသည်များ ပါဝင်နိုင်သည့် အပြန်အလှန် လက်ခံထားသော နယ်ပယ်ကဏ္ဍများတွင် ကျွမ်းကျင်ပညာရှင်ဆိုင်ရာ စံနှုန်း၊ စံသတ်မှတ်ချက်များ ချမှတ်လုပ်ကိုင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများအားလုံး သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းများကို အထောက်အပံ့ပြုထားပါသည်။

### အခန်း (၉) လူပုဂ္ဂိုလ်များယာယီရွှေ့ပြောင်းသွားလာမှုဆိုင်ရာအခန်း

လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အခန်းသည် လူပုဂ္ဂိုလ်များအနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ယာယီဝင်ရောက်လာခြင်းနှင့် ယာယီနေထိုင်ခြင်းကို အဆင်ပြေချောမွေ့စေရန် ကတိကဝတ်များဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ဤအခန်းနှင့် အသေးစိတ် ကတိကဝတ်ပြဇယားများတွင် လူပုဂ္ဂိုလ်အမျိုးအစားအလိုက် နေထိုင်သည့်ကာလကဲ့သို့သော ကတိကဝတ်များနှင့် ယင်းကတိကဝတ်များအပေါ် ကျင့်သုံးသည့် အခြေအနေများနှင့် ကန့်သတ်ချက်များ ဖော်ပြပါရှိပါသည်။ ဤအခန်းတွင် စီးပွားရေး လုပ်ငန်းရှင်များ သွားလာမှု၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအတွင်း အလုပ်လုပ်ကိုင်နေသူများ၏ ရွှေ့ပြောင်းသွားလာမှုနှင့် အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီ၏ အသေးစိတ် ကတိကဝတ်ပြဇယားပါ အခြားသော အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ကတိကဝတ်များပါဝင်ပါသည်။ ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခွင့်ပြုထားသည့် ယာယီဝင်ရောက်လာခြင်းနှင့် ယာယီနေထိုင်ခြင်းများ၊ ဤအခန်းအရ လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှုနှင့် အကျုံးဝင်ခြင်းမရှိသောသူများအနေဖြင့် နေထိုင်ခွင့်လျှောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်များအပါအဝင်နှင့် သင့်တင့် လျောက်ပတ်သော ပေးဆောင်ရမည့်အခကြေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလည်း ပါဝင်ပါသည်။ ဤအခန်းတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးနှင့် သက်ဆိုင်သည့် ရှင်းလင်းချက် အထောက်အထား စာရွက်စာတမ်းများကို အများပြည်သူ အလွယ်တကူရယူနိုင်အောင် ဆောင်ရွက်ခြင်း၊ လူပုဂ္ဂိုလ်များ ယာယီဝင်ရောက်ခြင်းနှင့် ယာယီနေထိုင်ခြင်းတို့အပေါ် သက်ရောက်မှုရှိသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းလာချက်များအပေါ် ပြန်ကြားနိုင်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခြင်းနှင့် ယာယီဝင်ရောက်လာခြင်းနှင့် ယာယီနေထိုင်ခြင်းများ ဆက်လက်၍ အဆင်ပြေချောမွေ့စေရေးအပေါ် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးရန် နည်းလမ်းထောက်ပံ့ပေးခြင်းများဆိုင်ရာနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ တာဝန်ဝတ္တရားများကို ပိုမိုအားကောင်းလာစေမည့် စည်းမျဉ်းစည်းကမ်းများလည်း ပါဝင်ပါသည်။

### အခန်း (၁၀) ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံမှုအခန်းသည် ဒေသတွင်း လုပ်သာကိုင်သာရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖန်တီးရန် ရည်ရွယ်ပါသည်။ ဤအခန်းတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဓိကအချက် ၄ ချက်ဖြစ်သည့်

အကာအကွယ်ပေးခြင်း၊ ဖြေလျှော့မှုပေးခြင်း၊ မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်းတို့ ပါဝင်ပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်များသည် လက်ရှိအကောင်အထည်ဖော်နေသည့် အာဆီယံအပေါင်းတစ် FTAs များကို ပိုမိုအဆင့်မြှင့်တင်ပေးပါသည်။ ရင်းနှီးမြှုပ်နှံမှုအခန်းတွင် နိုင်ငံများအကြား ခွဲခြားဆက်ဆံမှု မရှိခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် (Most–Favoured–Nation Treatment Clause) နှင့် WTO Trade Related Investment Measures (TRIMS) Agreement အရ နိုင်ငံပေါင်းစုံက လက်ခံကျင့်သုံးနေသည့် တာဝန်ဝတ္တရားများထက်ကျော်လွန်သော စွမ်းဆောင်ရည်လိုအပ်ချက်များ တားမြစ်ခြင်း (Prohibition of Performance Requirements – PPR) ဆိုင်ရာ ကတိကဝတ်များ ပါဝင်ပါသည်။ Standstill နှင့် Ratchet စနစ်နှင့်အတူ Negative List နည်းလမ်းကို အသုံးပြုထားသော အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်များဖြစ်သည့် ခွင့်မပြုနိုင်သော စာရင်းများနှင့် ကိုက်ညီမှုမရှိသော အစီအမံများလည်း ပါဝင်ပါသည်။ နောက်ဆုံးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအခန်းတွင် ပေါ်ပေါက်လာနိုင်သည့် တိုင်ကြားချက်များနှင့် နစ်နာမှုများ ဖြေရှင်းပေးရာတွင် ကူညီပေးမှုကဲ့သို့သော ရင်းနှီးမြှုပ်နှံသူအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်းကို ရည်ညွှန်းသည့် အဆင့်မြင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ RCEP သဘောတူစာချုပ်တွင် ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်လည်း ပါဝင်ပါသည်။

**အခန်း(၁၁) အသိဉာဏ်ပစ္စည်း**

ဤအသိဉာဏ်ပစ္စည်း အခန်းတွင် ဒေသတွင်း၌ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အခွင့်အရေးများအပေါ် အကာအကွယ်ပေးမှုနှင့် ဥပဒေပြဋ္ဌာန်း အာဏာသက်ရောက်စေမှုတို့အတွက် အားလုံးပါဝင်သော ဟန်ချက်ညီသည့် ချဉ်းကပ်နည်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားပါသည်။ အဓိကစံမူပိုင်ခွင့် အခွင့်အရေးများအတွက် အကာအကွယ်ပေးမှုများ၏ သဟဇာတရှိမှုနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များအပြင်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်ဆက်နွယ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အခွင့်အရေးများ (TRIPs သဘောတူညီချက်ပါ မူပိုင်ခွင့်အခွင့်အရေးများ) ကို အကာအကွယ်ပေးခြင်းအဆင့်ထက် ကျော်လွန်သော ပြဋ္ဌာန်းချက်များဖြစ်သည့် ဒစ်ဂျစ်တယ်ဝန်းကျင်တွင် အာဏာသက်ရောက်စေခြင်းနှင့် နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ရုပ်ရှင်များကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးဖြစ် ကူးယူမှုများအတွက် သင့်လျော်သော ပြစ်မှုကြောင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပြစ်ဒဏ်များဆိုင်ရာ

ပြဋ္ဌာန်းချက်များ စသည်တို့ ပါဝင်သည်။ ထို့ပြင် ဤအခန်းတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ပိုင်ရှင်များကို ပံ့ပိုးအားပေးစေနိုင်ရန်အတွက် မူပိုင်ခွင့်လျှောက်ထားချက်များကို အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းနှင့် သက်ဆိုင်ရာသတင်းအချက်အလက်များကို အွန်လိုင်းမှရရှိစေခြင်း စသည်တို့ကဲ့သို့သော အချို့သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်များကို တည်ဆောက်ရန် အဆင်ပြေ ညီညွတ်သည့် လုပ်ငန်းစဉ်များဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။ ဤအခန်းသည် ကုန်သွယ်မှုနှင့် ဆက်နွယ်သော မူပိုင်ခွင့်အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်နှင့် လူထုကျန်းမာရေး တို့အပေါ်တွင် ထုတ်ပြန်ထားသည့် ဒိုဟာကြေညာချက်၌ သင့်လျော်မှန်ကန်စွာ အသိအမှတ်ပြုပေးထားသည့် သက်သာခွင့်များကို အပြည့်အဝ အသုံးပြုနိုင်သည့် အခွင့်အရေးများကိုလည်း အတည်ပြုဖော်ပြထားပါသည်။ ၎င်းအပြင် မျိုးရိုးဗီဇအရင်းအမြစ်များ၊ ရိုးရာဓလေ့ဗဟုသုတနှင့် ရိုးရာဓလေ့ထုံးစံများဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။

**အခန်း (၁၂) အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး**

ဒစ်ဂျစ်တယ်ကုန်သွယ်မှု တိုးတက်ဖွံ့ဖြိုးလာခြင်းကို အသိအမှတ်ပြုခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား အီလက်ထရောနစ် ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်ခြင်း (e-Commerce) ၏ အခန်းကဏ္ဍကို အားပေးမြှင့်တင်ရန်၊ ကမ္ဘာတစ်ဝှမ်း e-Commerce အသုံးပြုမှုကို ပိုမိုကျယ်ပြန့် လာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ အဖွဲ့ဝင်နိုင်ငံများသည် Chapter on Electronic Commerce ကို ထည့်သွင်းခဲ့ကြပါသည်။

ဤအခန်းတွင် အီလက်ထရောနစ် နည်းပညာသုံး နည်းလမ်းများဖြင့် ကုန်သွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ်များ တိုးတက်လာစေရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားသည့် ပြဋ္ဌာန်းချက်များကို ချမှတ်ထားပါသည်။

ဤအခန်းအရ အဖွဲ့ဝင်နိုင်ငံများသည် e-Commerce အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား ကာကွယ်ခြင်းနှင့် စားသုံးသူကာကွယ်ရေး အပါအဝင် e-Commerce ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးသည့် ဥပဒေမူဘောင်တစ်ရပ်ကို ပြဋ္ဌာန်းရမည် (သို့မဟုတ်) လက်ခံကျင့်သုံးရမည် ဖြစ်ပါသည်။

ဤ e-Commerce အခန်းရှိ ကွန်ပျူတာသုံးစွဲခြင်းနှင့် သက်ဆိုင်သော လိုအပ်သည့် ပစ္စည်းများ၏ တည်နေရာ (Location of computing facilities) နှင့် အီလက်ထရောနစ် နည်းပညာသုံး နည်းလမ်းများဖြင့် နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက်များ လွှဲပြောင်းလက်ခံခြင်း (Cross-border transfer of information by electronic means) ဆိုင်ရာ ပြဋ္ဌာန်းချက်

များမှတစ်ဆင့် အချက်အလက်များနှင့်ဆိုင်သည့် ပြဿနာ (Data-related issue) အချို့ကို ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ လက်ရှိကျင့်သုံးဆောင်ရွက်နေသော အီလက်ထရောနစ်နည်းပညာဖြင့် ကုန်သွယ်ခြင်းများအပေါ်တွင် အခွန်စည်းကြပ်ခြင်းမရှိသည့် အလေ့အကျင့်များ ဆက်လက် တည်မြဲစေရေးကိုလည်း သဘောတူညီကြပါသည်။

ဤအခန်းအပေါ် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် သက်ဆိုင်ခြင်းတို့နှင့်ပတ်သက်၍ ကွဲလွဲမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ပထမဦးစွာ ယုံကြည်မှုဖြင့် စေ့စပ်ညှိနှိုင်းရမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်ကျေနပ်သော ဖြေရှင်းချက် တစ်ခုထွက်ရှိနိုင်ရန် ကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ကြောင်းကို အဖွဲ့ဝင်နိုင်ငံများက သဘောတူညီကြပါသည်။

ဤအခန်းသည် ယခုအချိန်တွင် အငြင်းပွားမှုဖြေရှင်းခြင်း (Dispute Settlement) အခန်းနှင့်သက်ဆိုင်ခြင်းမရှိသေးဘဲ RCEP သဘောတူစာချုပ်၏ အထွေထွေသုံးသပ်ခြင်း (General review) အရ ဤအခန်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်းအခန်းတို့ သက်ဆိုင်မှုအပေါ် ပြန်လည်သုံးသပ်သွားမည်ဖြစ်ပါသည်။

**အခန်း(၁၃) ယှဉ်ပြိုင်မှု**

ယှဉ်ပြိုင်မှုအခန်း၏ ရည်ရွယ်ချက်မှာ ဈေးကွက်များအတွင်းယှဉ်ပြိုင်မှုကို အားပေးမြှင့်တင်ရန်၊ စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုနှင့် စားသုံးသူများသက်သာချောင်ချိမှုကို မြှင့်တင်ပေးရန်ဖြစ်ပါသည်။ ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ ယှဉ်ပြိုင်မှုဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ရေးဆွဲချမှတ် ထိန်းကျောင်းရန်နှင့် အရေးယူဆောင်ရွက်ရန် အချုပ်အခြာအာဏာများနှင့် အများပြည်သူဆိုင်ရာမူဝါဒ သို့မဟုတ် အများပြည်သူတို့၏ အကျိုးစီးပွားအပေါ် အခြေခံ၍ ယှဉ်ပြိုင်မှုဥပဒေနှင့် မူဝါဒများကို ကျင့်သုံးခြင်းမှ ခြွင်းချက် သို့မဟုတ် ကင်းလွတ်ခွင့်များပြုခြင်းကို အသိအမှတ်ပြုထားပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယှဉ်ပြိုင်မှု မဟုတ်သောဆောင်ရွက်ချက်များကို တားမြစ်ထားသည့် ယှဉ်ပြိုင်မှုဥပဒေများနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းရန်သို့မဟုတ် လက်ခံကျင့်သုံးရန်နှင့် ယှဉ်ပြိုင်မှုအာဏာပိုင် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရန်တာဝန်ဝတ္တရားများ ပါဝင်သည်။

ထို့အပြင် ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ ယှဉ်ပြိုင်မှုဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ အားလုံးအပေါ် ကျင့်သုံးမည်ဖြစ်ပါသည်။ ဤအခန်းတွင် သတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ပြီး၊ ပြဋ္ဌာန်းထားသည့် ဆောင်ရွက်ချက်များကို ညှိနှိုင်းဆောင်ရွက်ရန် ခွင့်ပြုထားပါသည်။ ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံများက သက်ဆိုင်ရာ ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းချက်နှင့် ယှဉ်ပြိုင်မှုမူဝါဒ ဖွံ့ဖြိုး တိုးတက်မှုကို ခိုင်မာအားကောင်းစေရန် လိုအပ်သည့် စွမ်းဆောင်ရည်များကို တည်ဆောက်ရန် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ပြဋ္ဌာန်းထားပါသည်။

ဤအခန်းအောက်တွင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကုန်သွယ်မှုတွင် အထင်အမြင်မှားစေသော ဆောင်ရွက်ချက်များ သို့မဟုတ် မှားယွင်းသော သို့မဟုတ် အထင်အမြင်မှားစေသော ဖော်ပြချက်များ အားအသုံးပြုခြင်းအပေါ် တားမြစ်သည့် ပြည်တွင်းဥပဒေများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ ချမှတ်ကြီးကြပ်ခြင်း၊ စားသုံးသူအားနစ်နာကြေးပေးသည့် နည်းလမ်းများရှိစေခြင်းနှင့် အသိပညာ မြှင့်တင်ပေးခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်အကျိုးရှိစေသည့် ကိစ္စရပ်များအပေါ် ပူးပေါင်းဆောင်ရွက်မှုပြုခြင်းစသည့် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ တာဝန် ဝတ္တရားများလည်း ပါဝင်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဤအခန်းမှ ပေါ်ပေါက်လာသည့် ကိစ္စရပ်များအတွက် RCEP သဘောတူစာချုပ်ပါ အငြင်းပွားမှုဖြေရှင်းခြင်းကို ကျင့်သုံးခြင်း မပြုရပါ။

**အခန်း (၁၄) အသေးစားနှင့်အလတ်စား လုပ်ငန်းများ**

ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံများက အငယ်စားလုပ်ငန်းများအပါအဝင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ကို အသိအမှတ်ပြုပြီး စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် တီထွင်ဆန်းသစ်မှုတို့ကို သိသိသာသာ ပံ့ပိုးပေးခြင်းဖြင့် RCEP သဘောတူ စာချုပ်မှရရှိမည့် အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများကို အသေးစားနှင့် အလတ်စား လုပ်ငန်း များ (SMEs) ကလည်း ခံစားရရှိနိုင်ရန်အတွက် သတင်းအချက်အလက်များ မျှဝေရန်နှင့် SMEs များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ ဤအခန်းတွင် RCEP သဘောတူစာချုပ်မှ SMEs များအတွက် အကျိုးကျေးဇူး ရရှိစေမည့် အခြားစီးပွားရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ SMEs များနှင့် သက်ဆိုင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် RCEP သဘောတူစာချုပ်၏ စာသားအပြည့်အစုံပါဝင်သည့် အများပြည်သူ သိရှိနိုင်မည့် သတင်းအချက်အလက် platform

တစ်ခုကို တည်ထောင်ခြင်းဖြင့် သက်ဆိုင်ရာ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် RCEP နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ မျှဝေခြင်းကို မြှင့်တင်ရန် အဖွဲ့ဝင်နိုင်ငံများအတွက် သတ်မှတ်ထားပါသည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများအကြား အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်၊ ဈေးကွက်ရရှိရေးနှင့် တီထွင်ဆန်းသစ်မှု ကဏ္ဍများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**အခန်း (၁၅) စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု**

စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအခန်းသည် RCEP သဘောတူစာချုပ်ကို ဖွံ့ဖြိုးတိုးတက်စေရန် ရှုထောင့်မှ ထည့်သွင်းထားသော မူဘောင်တစ်ခုဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် RCEP တွင် ပါဝင်သော စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများသည် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းစေရန်နှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးကျေးဇူးအမြင့်ဆုံး ရရှိနိုင်စေရန် ရည်ရွယ်ထည့်သွင်းခြင်းဖြစ်ကြောင်း သဘောတူကြပါသည်။ ဤအခန်းအောက်ရှိ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများသည် RCEP သဘောတူစာချုပ်ကို အားလုံးပါဝင်၍၊ ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်ရန်နှင့် အသုံးချနိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဥပမာအားဖြင့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ ယှဉ်ပြိုင်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူထားသည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု ဆောင်ရွက်ချက်များကို အလေးပေးရှာဖွေဖော်ထုတ်ရန်နှင့် ဆောင်ရွက်ရန် သဘောတူကြပါသည်။ ဦးစားပေးအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် နည်းပညာအကူအညီ အထောက်အပံ့များနှင့် ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများအတွက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်နှင့် စီးပွားရေးလုပ်ငန်းများမှ သတင်းအချက်အလက်ရရှိမှု မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အခန်း(၁၆) အစိုးရ ဝယ်ယူရေး**

အာဆီယံအပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်တွင် အစိုးရ ဝယ်ယူရေးနှင့် စပ်လျဉ်းသည့် အခန်း မပါဝင်ပါ။ RCEP သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် အလုပ်အကိုင်တိုးတက်စေရေး အတွက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာ၌ အစိုးရ ဝယ်ယူရေးဆိုင်ရာ အခန်းကဏ္ဍ၏

အရေးပါမှုကို အသိအမှတ်ပြုကြပါသည်။ အစိုးရ ဝယ်ယူရေးအခန်းသည် ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်စေရုံသာမက အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်စေရန် ရည်ရွယ်ပါသည်။ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီသည် အစိုးရ ဝယ်ယူရေးဆိုင်ရာ ပွင်းလင်းမြင်သာမှုကို တိုးမြှင့်ပေးသည့် ရည်ရွယ်ချက်နှင့်အညီ အစိုးရ ဝယ်ယူရေးဆိုင်ရာ သတင်းအချက်အလက်များကို ဤအခန်းပါ နောက်ဆက်တွဲ၌ ဖော်ပြမည်ဖြစ်ပါသည်။ ဤအခန်းတွင် အစိုးရဝယ်ယူရေးလုပ်ငန်းစဉ်ကို ရေရှည်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြန်လည် ဆန်းစစ်ခြင်းနှင့် စပ်လျဉ်းသည့် အပိုဒ်တစ်ပိုဒ် ထည့်သွင်းထားပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဤအခန်းမှ ပေါ်ပေါက်လာသည့် ကိစ္စရပ်များအတွက် RCEP သဘောတူစာချုပ်ပါ အငြင်းပွားမှုဖြေရှင်းခြင်းကို ကျင့်သုံးခြင်း မပြုရပါ။

**အခန်း (၁၇) အထွေထွေပြဋ္ဌာန်းချက်များနှင့် ကင်းလွတ်ချက်များ**

အထွေထွေ ပြဋ္ဌာန်းချက်များနှင့် ကင်းလွတ်ချက်များအခန်းတွင် RCEP သဘောတူစာချုပ်တစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်မှုရှိသော အထွေထွေ ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ ယင်းအထွေထွေ ပြဋ္ဌာန်းချက်များတွင် RCEP သဘောတူစာချုပ်တွင် ပါဝင်သော အကြောင်းအရာများနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည့်တာဝန်များ ပါဝင်ပါသည်။ ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ သင့်လျော်သည့် ပြန်လည်သုံးသပ်ခြင်းနှင့် အယူခံဝင်ခြင်းလုပ်ငန်းစဉ်ကို ထည့်သွင်းထားသည့်အပြင် သတင်းအချက်အလက်လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းနိုင်ရေးကိုလည်း ဖော်ပြထားပါသည်။ ဤအခန်းတွင် RCEP သဘောတူစာချုပ် အာဏာသက်ရောက်မှု၏ ပထဝီဆိုင်ရာနယ်ပယ် ထူထောင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆိုင်ရာ ကွန်ဗင်းရှင်းတွင် ပါဝင်အတည်ပြုထားသည့် နိုင်ငံများ၏ အခွင့်အရေးနှင့် တာဝန်များအား အသိအမှတ်ပြုခြင်း၊ RCEP နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးရေးကို အဖွဲ့ဝင်နိုင်ငံများက မိမိတို့၏ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ သင့်လျော်သည့်အစီအမံများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရန် ဖော်ပြထားပါသည်။ ဤအခန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်အား လက်ခံခြင်း (သို့မဟုတ်) အတည်ပြုခြင်းအပေါ် ဆုံးဖြတ်ခြင်းနှင့် ယင်းသို့ လက်ခံခြင်း (သို့မဟုတ်) အတည်ပြုခြင်းအတွက် လိုအပ်ချက် တစ်ရပ်ရပ် သို့မဟုတ် အခြေအနေ

တစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ရာတွင် RCEP သဘောတူစာချုပ်၏ အငြင်းပွားမှုဖြေရှင်းခြင်းကို လိုက်နာဆောင်ရွက်ရန်မလိုကြောင်းဖော်ပြပါရှိပါသည်။

သက်ဆိုင်ရာအခန်းများ၏ ရည်ရွယ်ချက်များအလိုက် ဤအခန်းတွင် ၁၉၉၄ ခုနှစ်၊ အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက် (GATT 1944) ၏ အပိုဒ် ၂၀ နှင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ အထွေထွေ သဘောတူညီချက် (GATS) ၏ အပိုဒ် ၁၄ တို့တွင် ပါရှိသော အထွေထွေကင်းလွတ်ခွင့်များအား ထည့်သွင်းဖော်ပြထားပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အရေးကြီးသော လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများ သို့မဟုတ် စီမံဆောင်ရွက်ချက်များ ပြုလုပ်နိုင်ပါသည်။ အခွန်စည်းကြပ်ခြင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ RCEP သဘောတူစာချုပ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်အတိုင်းအတာအရ အခွင့်အရေးများအပ်နှင်းခြင်းကိုသော်လည်းကောင်း၊ တာဝန်ဝတ္တရားများ ပေးအပ်ခြင်းကိုသော်လည်းကောင်း ခွင့်ပြုနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုအခန်းတွင် လွှဲပြောင်းခြင်းဆိုင်ရာအပိုဒ်နှင့် စပ်လျဉ်း၍ ယင်းအခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်းသောကိစ္စရပ်များတွင်သာ အခွင့်အရေးများအပ်နှင်းခြင်းကိုသော်လည်းကောင်း၊ တာဝန်ဝတ္တရားများပေးအပ်ခြင်းကိုသော်လည်းကောင်း ခွင့်ပြုရမည်ဖြစ်ပါသည်။ ဤအခန်းတွင် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲနှင့် ပြင်ပဘဏ္ဍာရေးဆိုင်ရာအခက်အခဲများ ကြုံတွေ့လျှင် သို့မဟုတ် ထိုကဲ့သို့သော ဖြစ်ပေါ်လာနိုင်သည့် အခြေအနေရှိလျှင် သီးခြားစီမံဆောင်ရွက်ချက်များ ချမှတ်ဆောင်ရွက်နိုင်ရန် ခွင့်ပြုထားပါသည်။

**အခန်း (၁၈) အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတွင် RCEP သဘောတူစာချုပ်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအမံများ၊ RCEP ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ဖွဲ့စည်းပုံ၊ RCEP ဆိုင်ရာ ပူးတွဲကော်မတီတည်ထောင်ခြင်း၊ ကော်မတီ ၄ ခု ဖြစ်သော ကုန်စည်ကုန်သွယ်ရေးကော်မတီ၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စီးပွားရေးဝန်းကျင်ဆိုင်ရာ ကော်မတီနှင့် RCEP ပူးတွဲကော်မတီက ခွင့်ပြုသည့် အခြား အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံကို သတ်မှတ်ဖော်ပြထားပါသည်။ RCEP ပူးတွဲကော်မတီသည် RCEP သဘောတူစာချုပ်အား အကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် တည်ထောင်ထားပါသည်။ RCEP ပူးတွဲကော်မတီမှ RCEP ဆိုင်ရာ ဝန်ကြီးများသို့

အစီရင်ခံတင်ပြရသည့်အပြင် RCEP ဆိုင်ရာ ဝန်ကြီးများက စဉ်းစားဆုံးဖြတ်နိုင်ရန် ကိစ္စရပ်များအား သင့်လျော်သလို လွှဲပြောင်းပေးပို့ရမည်။

**အခန်း (၁၉) အငြင်းပွားမှုဖြေရှင်းခြင်း**

အငြင်းပွားမှုဖြေရှင်းခြင်းအခန်းသည် RCEP သဘောတူစာချုပ်အရ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အကျိုးရှိထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိသော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ထောက်ပံ့ရန် ရည်ရွယ်ပါသည်။ RCEP အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၏ အဓိကကျသော သွင်ပြင် လက္ခဏာများတွင်-

(က) အငြင်းပွားမှုဖြေရှင်းသည့်နေရာ ရွေးချယ်ခြင်း - အခြားဖြစ်နိုင်သော အငြင်းပွားမှု ဖြေရှင်းသည့်နေရာများနှင့် မသက်ဆိုင်စေဘဲ အငြင်းပွားမှုတွင် ပါဝင်သူများက စာချုပ်ဝင်အဖြစ် ပါဝင်သော RCEP သဘောတူစာချုပ်နှင့် အခြားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များရှိ တူညီသော အခွင့်အရေးနှင့် တာဝန်ရှိမှုများနှင့် သက်ဆိုင်သည့် အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် တိုင်ကြားသည့်စာချုပ်ဝင်အား အငြင်းပွားမှု ဖြေရှင်းသည့်နေရာ ရွေးချယ်ရန် ခွင့်ပြုသည့် ပြဋ္ဌာန်းချက်များ၊

(ခ) ဆွေးနွေး ညှိနှိုင်းခြင်းများ- တိုင်ကြားခံရသည့်စာချုပ်ဝင်သည် တောင်းဆိုခံရပါက ပထမဦးစွာ တိုင်ကြားသည့်စာချုပ်ဝင်နှင့် ဆွေးနွေးညှိနှိုင်းရန်လိုအပ်ကြောင်း ပြဋ္ဌာန်းချက်များ၊

(ဂ) ငြိမ်းချမ်းစွာ ဖြေရှင်းခြင်း၊ စေ့စပ်ဖြန်ဖြေခြင်း သို့မဟုတ် စေ့စပ်ဖြေရှင်းခြင်း - အငြင်းပွားမှုတွင်ပါဝင်သော စာချုပ်ဝင်များအား ၎င်းတို့၏ သဘောဆန္ဒအလျောက် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အခြားသော နည်းလမ်းများ ဆောင်ရွက်ရန် ခွင့်ပြုသည့် ပြဋ္ဌာန်းချက်များ၊

(ဃ) အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ထူထောင်ခြင်း - တိုင်ကြားသည့် စာချုပ်ဝင်သည် တိုင်ကြားခံရသည့်စာချုပ်ဝင်မှ ဆွေးနွေးညှိနှိုင်းရန် အဆိုပြုမှုကို မတုံ့ပြန်သည့်အခါ သို့မဟုတ် သတ်မှတ်ထားသည့်ကာလအတွင်း ဆွေးနွေးညှိနှိုင်းမှု မပြုလုပ်သည့်အခါ သို့မဟုတ် သတ်မှတ်ထားသည့်ကာလအတွင်း အငြင်းပွားမှုဖြေရှင်းရန် ဆွေးနွေး

ညှိနှိုင်းမှု မအောင်မြင်သည့်အခါတို့တွင် အငြင်းပွားမှုကို ဖြေရှင်းနိုင်ရေးအတွက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ထူထောင်ရန် တောင်းဆိုနိုင်သည့် ပြဋ္ဌာန်း ချက်များ၊

( င) ပါဝင်ပတ်သက်သည့် တတိယပုဂ္ဂိုလ်၏ အခွင့်အရေးများ - ပါဝင်ပတ်သက်သည့် တတိယပုဂ္ဂိုလ်များသည် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်အတွင်း ၎င်းတို့၏ အမြင်များကို ထည့်သွင်းစဉ်းစားနိုင်ရေးနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ စသည်တို့ ပါဝင်သည်။

ဤအခန်းတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အပြီးသတ် အစီရင်ခံစာအား အကောင်အထည်ဖော်မှု၊ လိုက်နာမှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လျော်ကြေးပေးခြင်းနှင့် ဆိုင်းငံ့ခြင်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ သို့မဟုတ် အခြားတာဝန်ဝတ္တရားများ ပါဝင်သည်။ ဤအခန်းပါ အရေးကြီးသော အခြားပြဋ္ဌာန်းချက်တစ်ခုမှာ တိုင်တန်းသည့်စာချုပ်ဝင်သည် ဤအခန်းအရ ပေါ်ပေါက်လာသော ကိစ္စရပ်များတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ပါဝင်သည့်အခါ အထူးနှင့် သီးခြားအခွင့်အရေးများဆိုင်ရာ အပိုဒ်နှင့်အညီ သင့်လျော်သည့် ကန့်သတ်ချက်များကို ကျင့်သုံးရန် တာဝန်ရှိခြင်းဖြစ်သည်။

**အခန်း (၂၀) အပြီးသတ်ပြဋ္ဌာန်းချက်များ**

အပြီးသတ်ပြဋ္ဌာန်းချက်များအခန်းတွင် RCEP သဘောတူစာချုပ်နှင့် အခြားအပြည်ပြည် ဆိုင်ရာ သဘောတူညီချက်များအကြား ဆက်သွယ်ဆောင်ရွက်မှု၊ အထွေထွေပြန်လည်သုံးသပ်ရေး နည်းလမ်း၊ သဘောတူညီချက်ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အတည်ပြု ပါဝင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ဤ RCEP သဘောတူ စာချုပ် အာဏာသက်ဝင်သည့်နေ့မှ ၁၈ လ စောင့်ဆိုင်းရန်မလိုဘဲ မူလစေ့စပ်ညှိနှိုင်း ခဲ့သည့် နိုင်ငံအဖြစ် အတည်ပြုပါဝင်နိုင်သော်လည်း အခြားသောနိုင်ငံ သို့မဟုတ် သီးခြားအကောက်ခွန် ဆိုင်ရာ နယ်ပယ်များအနေဖြင့် RCEP သဘောတူစာချုပ် စတင်အာဏာသက်ဝင် ပြီးနောက် ၁၈ လအကြာတွင် အတည်ပြုပါဝင်နိုင်ပါသည်။ ဤအခန်းတွင် အကြောင်းကြား ချက်များ၊ နောက်မှသဘောတူပါဝင်ခြင်းနှင့် အတည်ပြုပါဝင်ခြင်းတို့အတွက် တောင်းဆိုမှုများ၊ အတည်ပြုချက် သို့မဟုတ် နောက်မှသဘောတူပါဝင်ခြင်းများ အပါအဝင် လက်မှတ်ရေးထိုးသည့် နိုင်ငံအသီးသီးနှင့် အတည်ပြုပါဝင်သည့်နိုင်ငံ သို့မဟုတ် သီးခြား အကောက်ခွန်ဆိုင်ရာ နယ်ပယ်ထံသို့ စာရွက်စာတမ်း အထောက်အထားများ ဖြန့်ဝေခြင်းနှင့် ယင်းတို့အား လက်ခံခြင်းတို့အတွက် အဓိကတာဝန်ရှိသည့်

RCEP သဘောတူ စာချုပ်ဆိုင်ရာ စာချုပ်စာတမ်း လက်ခံထိန်းသိမ်းသည့်ဌာနတစ်ခုကို ရွေးချယ်သတ်မှတ်ရမည် ဖြစ်ပါသည်။ အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် RCEP သဘောတူစာချုပ် အာဏာသက်ဝင်နိုင်ရန် လက်မှတ်ရေးထိုးသည့် နိုင်ငံများဖြစ်သည့် အနည်းဆုံး အာဆီယံ (၆) နိုင်ငံနှင့် အာဆီယံမဟုတ်သည့်နိုင်ငံ (၃) နိုင်ငံတို့က ၎င်းတို့၏ အတည်ပြုပါဝင်ခြင်း၊ လိုက်နာလက်ခံခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ပေးပို့ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။